# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

# ပြည်တွင်းအခွန်များဦးစီးဌာန

## သတ်မှတ်ရက်အတွင်း အခွန်ထမ်းမှတ်ပုံတင်လက်မှတ်လျှောက်ထားရန် အသိပေးနှိုးဆော်ချက်

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းဆောင်ကြမည့်ပြည်သူများအား အခွန်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ကြရာတွင် အချိန်ကုန်သက်သာစေရန်၊ ငွေကြေးကုန်ကျမှုသက်သာစေရန်၊ ရုံးများသို့ လူကိုယ်တိုင်သွားရောက်စရာမလိုအပ်ဘဲ ပိုမိုထိရောက်မြန်ဆန်သည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် အီလက်ထရောနစ်နည်းဖြင့်အခွန်ထမ်းမှတ်ပုံတင်ခြင်းစနစ်(e-Registration Management System) ကို ၂၃-၅-၂၀၂၃ ရက်နေ့မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး မှတ်ပုံတင်လျှောက်ထားလာသော ကုမ္ပဏီ၊ အဖွဲ့အစည်းများအား အခွန်ထမ်းမှတ်ပုံတင်လက်မှတ်(TIN Certificate)များ ထုတ်ပေးလျက်ရှိပါသည်။ သို့ဖြစ်ရာ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီ/ပုဂ္ဂိုလ်စု/အဖွဲ့အစည်းများအနေဖြင့် ဖွဲ့စည်းတည်ထောင်သည့် သို့မဟုတ် မှတ်ပုံတင်သည့်နေ့မှ ရက်ပေါင်း(၉၀)အတွင်း အခွန်ထမ်းမှတ်ပုံတင်လက်မှတ်(TIN Certificate) ကို လျှောက်ထားရယူကြပါရန် လိုအပ်ပါသည်။

၂။ အခွန်ထမ်းမှတ်ပုံတင်အမှတ်(Taxpayer Identification Number- TIN) ရရှိပြီးသည့် အခွန်ထမ်း ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် အဆိုပါအခွန်ထမ်းမှတ်ပုံတင်အမှတ်(TIN)ကို အခွန်ပေးဆောင်ခြင်း၊ အခွန်ကြေညာလွှာတင်သွင်းခြင်းအစရှိသော ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်မှုများ ပြုလုပ်ရာတွင်လည်းကောင်း၊ ငွေပေးချေမှုများဆောင်ရွက်ခြင်း၊ ကုန်စည်တင်သွင်းခြင်း၊ ပို့ကုန်/သွင်းကုန် လိုင်စင်လျှောက်ထားခြင်း၊ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခြင်းအပါအဝင် လုပ်ငန်းဆောင်ရွက်မှုများ ပြုလုပ်ရာတွင်လည်းကောင်း အခွန်ထမ်းမှတ်ပုံတင်အမှတ်ကို မပျက်မကွက် အသုံးပြုရမည် ဖြစ်ပါသည်။

၃။ လျှောက်ထားရာတွင် ပြည်တွင်းအခွန်များဦးစီးဌာန ဝက်ဘ်ဆိုက် ( www.ird.gov.mm ) ၏ ပင်မစာမျက်နှာရှိ **"အခွန်ထမ်းမှတ်ပုံတင်ရန်(e-Registration)"** box သို့ဝင်ရောက်၍ User account မှတ်ပုံတင်ခြင်း၊ အခွန်ထမ်းမှတ်ပုံတင်ခြင်းများကို အသုံးပြုသူလမ်းညွှန် (User Guide) များအတိုင်း ဖြည့်သွင်းလျှောက်ထားနိုင်ပါသည်။ ဖြည့်သွင်းထားသည့် အချက်အလက်များမှန်ကန်ပါက လျှောက်ထားသည့်နေ့မှ ရုံးဖွင့်ရက်(၅)ရက်အတွင်း အခွန်ထမ်းမှတ်ပုံတင်အမှတ်(Taxpayer Identification Number – TIN)နှင့် ဆက်သွယ်ဆောင်ရွက်ရမည့်အခွန်ရုံးများ ဖော်ပြပါရှိသည့် အခွန်ထမ်းမှတ်ပုံတင်လက်မှတ် (TIN Certificate)ကို မှတ်ပုံတင်ထားသည့် အီးမေးလ်လိပ်စာသို့ ပြန်လည်ပေးပို့သွားမည် ဖြစ်ပါသည်။

၄။ အသိပေးနှိုးဆော်ချက်နှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို နီးစပ်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးများနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲ၊ အမှတ်-၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ်- ၀၁၈၃၈၉၃၁၁- ၀၁၈၃၈၉၃၂၂ ၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ရုံးအမှတ်-(၄၆)၊

ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ် - ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄၊ အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး (မန္တလေး)၊ လမ်း-၆၀၊ ၁၀၁(A)လမ်းနှင့် ၁၀၂ လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်းနံပါတ်-၀၂-၄၀၃၀၆၃၈ များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**